
စာစဉ် – (၅၁)
Sacrificer
သရဲအိမ်

## အပိုင်း ၆၆၂
## ပိတ်လို့မရတဲ့ တံခါး (အပိုင်း ၂)

"လီဝမ်မြို့မှာ တံခါးအစိတ်အပိုင်းလေးတွေ လိုက်ရှာဖို့ဆိုတာ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာရသလို ဖြစ်နေမှာပေါ့"

တက်တူးနှင့်မှာ မစခင်ကတည်းက လက်လျှော့နေပြီ ဖြစ်သည်။

"ဒါ့ကြောင့်လည်း ဒီနေရာကြီးမှာ အစောင့်အကြပ် တယောက်မှ မရှိတာ ကိုး။ ဒီလို စောင့်ကြည့်နေဖို့လည်း မလိုပါဘူးလေ။ အရိပ်က အရာအားလုံး ကို ကြိုတင် စီစဉ်ထားတာပဲ။ သူက ကျုပ်တို့ထက် ခြေတလှမ်းသာနေပြီ"

"အဲဒီလောက် မြန်မြန်လည်း လက်မလျှော့ပါနဲ့ဦး"

ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးနေသော တံခါးကို ချန်ဂီ လေ့လာကြည့် နေရာမှ ရုတ်တရက် တက်တူးနှင့်လူဘက်လှည့်ကာ မေးလိုက်သည်။

"ဒီနေရာကြီးကို လာချင်တဲ့ အပြင်လူတိုင်းက တစ္ဆေတိုက်ခန်းကို ဖြတ်ဖို့ လိုတယ်လို့ ခင်ဗျား စောနက ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ ... ဒါပေမဲ့ တစ္ဆေတိုက်ခန်းဆိုတာ မီးခိုးရောင် ဖန်သား ပြင်သက်သက်ပဲဗျ"

တက်တူးနှင့်လူမှာ အရိပ်နှင့်ရင်ဆိုင်ရတိုင်း ဘာမှမတတ်နိုင်တော့သလို

ခံစားနေရ၏။ နှစ်ပေါင်းများစွာ အချိန်ပေး စုံစမ်းခဲ့ရသည့် သူ့ကြိုးစား အားထုတ်မှုမှာ အဟောသိကံ ဖြစ်ခဲ့ရချေပြီ။

"မဖြစ်နိုင်ဘူး။ အရိပ်က ဒီလို အဓိပ္ပါယ်မရှိတာမျိုး လုပ်ထားမှာ မဟုတ်ဘူး။ တစ္ဆေတိုက်ခန်းကို အရိပ်ဟာ ရည်ရွယ်ချက်တခုနဲ့ ဆောက်ခဲ့တာပဲ ဖြစ်ရမယ်"

ချန်ဂီ တံခါးဆီလျှောက်သွားပြီး ရှေ့တွင် ရပ်လိုက်သည်။

"တစ္ဆေတိုက်ခန်းက မင်ရန်အိမ်ယာမှာ ရှိတယ်။ တခါက ရဲတွေ မင်ရန်အိမ်ယာထဲ ဝင်စစ်ဆေးတော့ သူတို့နဲ့အတူ ကျုပ်လည်း လိုက်သွားခဲ့ဖူးတယ်။ အဲဒီမှာ မိန်းကလေးတယောက်ရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတချို့ကို ရှာတွေ့ခဲ့ကြတယ်။ မင်ရန်အိမ်ရာမှာ မိန်းကလေးတယောက်ရဲ့ ခြေလက်လေးစုံနဲ့ ခေါင်းတလုံး ရှိနေမှန်း ကျုပ်တို့ သိခဲ့ရတယ်။ သူမရဲ့ ခြေလက်တွေကို တပိုင်းစီ ပိုင်းပြီး မင်ရန်အိမ်ယာရဲ့ အဆောက်အဦ လေးခုမှာ မြှုပ်နှံခဲ့ပြီး သူမရဲ့ ဦးခေါင်းကိုတော့ မင်ရန်အိမ်ရာ အလယ်တည့်တည့်မှာ မြှုပ်နှံခဲ့တယ်"

"ခင်ဗျား ဘာပြောချင်တာလဲ"

တက်တူးနှင့်လူက ချန်ဂီ ဘာဆိုလိုချင်မှန်း သဘောမပေါက်သေးချေ။

"အသတ်ခံလိုက်ရတဲ့ မိန်းကလေးဟာ တံခါးကို ဖွင့်ခဲ့တဲ့လူပဲ။ သူမရဲ့ ခြေလက်နဲ့ ဦးခေါင်းတွေကို တစစီ ပိုင်းပြီး တစ္ဆေတိုက်ခန်း တည်နေရာ ဖြစ်တဲ့ မင်ရန်အိမ်ယာမှာ မြှုပ်နှံခဲ့တယ်။ အရေးကြီးဆုံး အချက်ကတော့ ..."

ချန်ဂီက အထိန်းကွပ်မဲ့နေပြီဖြစ်သည့် တံခါးအား ညွှန်ပြလိုက်သည်။

"ဒီတံခါးရဲ့ ပုံစံက ခြေလက်နဲ့ ဦးခေါင်းမရှိတဲ့ လူတယောက်ပုံစံနဲ့ တူမနေဘူးလား"

ထိုစကားကြောင့် တတ်တူးနှင့်လူ၏ ဦးနှောက်မှာ လှုပ်နှိုးလာတော့သည်။ သူကပင် အားလုံးကိုယ်စား အသေးစိတ် ရှင်းပြလိုက်လေသည်။

"တံခါးဖွင့်သူတယောက်အတွက် တံခါးဆိုတာ သူတို့ရဲ့ စိတ်ဝိညာဉ် ဒါမှမဟုတ် ခန္ဓာကိုယ်ကို သယ်ဆောင်ပေးထားတဲ့ ပွန်ဖန်အိမ်တခုပဲ။ ကျုပ်သဘောပေါက်ပြီ။ တံခါးရဲ့ ပျောက်ဆုံးနေတဲ့ အစိတ်အပိုင်းတွေကို အရိပ်ကမင်ရန်အိမ်ယာမှာ ဝှက်ထားတာပဲ။ ကောင်လေးရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေက တံခါးရဲ့ ပျက်စီးပျောက်ဆုံးနေတဲ့ အစိတ်အပိုင်းတွေကို ဆိုလိုတာပဲ"

"လီဝမ်မြို့မှာ တံခါးကို ဖွင့်ခဲ့တဲ့လူက အရိပ် မဟုတ်ပေမယ့် တနည်းနည်းနဲ့ အရိပ်ဟာ တံခါးကို ထိန်းချုပ်နိုင်ခဲ့တယ်။ သူ့ရည်ရွယ်ချက် ပြည့်မြောက်ဖို့အတွက် တမင်တကာ တံခါးကို အထိန်းအကွပ်မဲ့အောင် ပြုလုပ်ခဲ့တာပဲ။ ဒီလိုဆိုရင် မူလ တံခါးဖွင့်သူက ဘယ်ရောက်နေမလဲ။ သူမ လက်လျှော့အရှုံးပေးလိုက်ပြီလား။ ဒါမှမဟုတ် အရိပ်ရဲ့ ထိန်းချုပ်မှုအောက်ကို တနည်းနည်းနဲ့ ရောက်နေပြီလား"

ချန်ဂီသည် ရှာဖွေတွေ့ရှိမှုများကို အသေးစိတ် အလှဆင် ရှင်းပြတတ်သူမဟုတ်ပေ။ သို့သော် ဆိုးရွားလွန်းသော အခြေအနေကြီးနှင့် ရင်ဆိုင်နေရသည့် အဖွဲ့သားအများစုမှာ ထိုအချက်များကို တစစီ စုစည်းရင်း ခန့်မှန်းအဖြေမရှာတတ်ကြ၍ ယခုလို အသေးစိတ် ရှင်းပြနေခြင်း ဖြစ်သည်။

"ကြည့်ရတာတော့ တံခါးကို နေရာချတာဟာ အစပျိုးမှုသာသာပဲ ရှိဦးမယ်နဲ့ တူတယ်။ ကျုပ်တို့ အခြေအနေတခုလုံးကို လျှော့တွက်မိခဲ့တာပဲ"

တက်တူးနှင့်လူ၏ မျက်နှာမှာ ခါးသက်သက် ဖြစ်သွားလေသည်။

"ဒါဖြင့် ကျုပ်တို့ အခုချက်ချင်း တစ္ဆေတိုက်ခန်းကို သွားကြမလား။ ပြီးခဲ့တဲ့နှစ်တွေမှာ အဲဒီကို လူတချို့ သွားကြည့်ခဲ့ကြတယ်။ ဒါပေမဲ့ ဘယ်သူမှ

တော့ အသက်ရှင်လျက် ပြန်မလာနိုင်ခဲ့ကြဘူး"

"ဒီနေရာကြီးက ထွက်ချင်ရင် ကျုပ်တို့အနေနဲ့ တံခါးရဲ့ ပျောက်ဆုံးနေတဲ့ အစိတ်အပိုင်းတွေကို ရှာဖို့လိုတယ်"

ချန်ဂီက သူတို့အား လှုပ်ရှားရန် အချက်ပြလိုက်၏။ သူတို့ ထွက်ခွာချိန် တန်ပြီ ဖြစ်သည်။

"ဒီဥမင်က အရမ်းကျဉ်းလွန်းတယ်။ တကယ်လို့ ဥမင်ထဲမှာ အရိပ်က ထောင်ချောက်တွေ ဆင်ထားမယ်ဆိုရင် ကျုပ်တို့အတွက် ပြေးစရာမြေမရှိ ဖြစ်သွားလိမ့်မယ်။ ပျောက်နေတဲ့အပိုင်းတွေ ရှာတွေ့ခဲ့ရင် ကျုပ်တို့ ဒီဥမင် အကျယ်ကို ထပ်ချဲ့ဖို့ လိုလိမ့်မယ်"

"အထိန်းအကွပ်မဲ့နေတဲ့ တံခါးက လီဝမ်တမြို့လုံး ဖုံးနေတဲ့ သွေးမြူခိုးတွေ ထွက်လာရတဲ့ အဓိကအကြောင်းရင်းပဲ။ တကယ်တော့ အစောင့်အကြပ်တွေနဲ့ ဘာကြောင့် မတွေ့ရတာလဲဆိုပြီး အံ့သြနေတာ။ အခုခင်ဗျား ရှင်းပြမှာပဲ။ အေးလေ ... မတွေ့ဖြစ်တာလည်း အရိပ်က ဒီမြို့ကို လက်လျှော့ဖို့ အစောကြီးကတည်းက ကြံစည်ထားလို့ ဖြစ်မှာပေါ့"

တက်တူးနှင့်လူသည် အရိပ်၏စိတ်ကို အတော်ကလေးကို နားလည်သူဖြစ်သည်။ သူ သတိနှင့် ဆက်လျှောက်သွားလေ၏။ သို့သော် သူ့စကားမဆုံးခင်မှာပင် ဥမင်အပြင်ဘက်မှ အော်သံကြီးတသံ ထွက်ပေါ်လာလေ၏။

"ဒါ ကျားမင်ရဲ့ အသံပဲ"

အော်သံကို ကြားလိုက်ရသည်နှင့် ဥမင်ထဲမှ လူများ မြန်မြန်ဆန်ဆန် ရှေ့ဆက်လိုက်ကြ၏။ အပြင်သို့ ချန်ဂီ ပြေးထွက်လိုက်သည်နှင့် နီရဲနေသော လက်တစုံက ကတ်ကြေးအား အပေါ်ထပ်သို့ ဆွဲခေါ်သွားသည်ကို မြင်လိုက်ရလေ၏။ ချန်ဂီလည်း သူတို့နောက်သို့ ပြေးလိုက်သွားသည်။ သူ ကော်ရစ်

တာသို့ ရောက်သည့်အခါ ကတ်ကြေး၏ အရိပ်အယောင်ကို လုံးဝ မမြင်ရတော့ချေ။

စောနက သူ မြင်ခဲ့ရသည့်အရာအားလုံး အိပ်မက်တခုပမာ ပတ်ဝန်းကျင် တခုလုံး ချောက်ချားစရာ ကောင်းလောက်အောင် တိတ်ဆိတ်နေလေ၏။ လီကျန်း၊ ကျားမင်၊ ကတ်ကြေးနှင့် အမူးသမား ... စောနက အပြင်တွင် စောင့်ဆိုင်းနေကြသူအားလုံး ပျောက်ဆုံးနေလေပြီ။ သူတို့အားလုံး ပျောက်ဆုံးရန် မိနစ်အနည်းငယ်သာ ကြာမြင့်ခဲ့လေ၏။

"အဲဒီကောင်ကတော့ တကယ့် ဂြိုဟ်မွှေတဲ့ကောင်ပဲ"

ချန်ဂီက တက်တူးနှင့်လူအား တချက် လှမ်းကြည့်လိုက်၏။ တက်တူးနှင့် လူလည်း ထိုသို့ ဖြစ်လာလိမ့်မည်ဟု မမျှော်လင့်ထားချေ။

"ဒါဖြင့် ကျုပ်တို့ အခု ဘာလုပ်ကြမလဲ။ တစ္ဆေတိုက်ခန်းကိုပဲ သွားရမလား၊ ဒါမှမဟုတ် သူတို့ကိုပဲ အရင်လိုက်ရှာရမလား"

"သူတို့ကို အရင်လိုက်ကယ်မှ ဖြစ်မယ်"

အပြစ်မရှိသည့် နစ်နာသူများအား ကယ်တင်ခြင်းဖြင့် ချန်ဂီ အပိုဆုလာဘ်များ ရရှိမည် ဖြစ်၏။ အဖမ်းခံလိုက်ရသူတိုင်းမှာ အပြစ်မရှိသည့် နစ်နာသူများ ဖြစ်ပြီး သူနှင့်အတူ ကျန်ခဲ့ကြသူများမှာ မကောင်းဆိုးဝါးနှင့် လူသတ်သမားများမှန်း သေချာသွားလေတော့သည်။ ချန်ဂီလည်း တူကြီးကို ဆွဲရင်း ကတ်ကြေးတို့ ပျောက်သွားသည့် အရပ်ဆီ ဦးတည်ပြေးသွားလိုက်လေ၏။ အထက်တန်းကျောင်းသား၊ တက်တူးနှင့် လူတို့ပါ သူ့နောက်မှ ပြေးလိုက်လာကြသည်။ သို့သော် အပြုံးလူသားမှာ တုပ်တုပ်မျှ မလှုပ်ဘဲ နေရာတွင်သာ ရပ်နေလေ၏။

"မင်းတို့အားလုံး အတော်သေချင်နေကြတယ် ဟုတ်လား"

ခြောက်ကပ်ကပ် အော်သံကြီးတခုက ပြုံးယောင်သန်းနေသော ပါးစပ်တခုမှ ထွက်ပေါ်လာလေသည်။ အပြုံးလူသားက ချန်ဂီအား ကြည့်ရင်း "ဒီတံခါးက သွေးမြူခိုးတွေ ဖြစ်ပေါ်စေတဲ့ အဓိကအကြောင်းအရင်းပဲ။ ဒီမှာ ဆင်ထားတဲ့ ထောင်ချောက်တိုင်းက တံခါးအပေါ် ခန့်မှန်းမရနိုင်တဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်လာစေမှာ။ ဒါက အရိပ် ဖြစ်စေချင်တဲ့ အခြေအနေမျိုး မဟုတ်ဘူး။ ဒီတော့ တံခါးကို ရှာတွေ့သွားလို့ ပေါ့လျော့သွားတဲ့ ငါတို့ရဲ့ သတိလက်လွတ်စိတ်ကို အသုံးချပြီး သူဆင်ထားတဲ့ သေမင်းတမန် ထောင်ချောက်တွေထဲ အရိပ်က တဖြည်းဖြည်း မြှားခေါ်ပြီး သတ်ပစ်ဖို့ ကြိုးစားနေတာကွ" ဟု ပြောလိုက်လေသည်။

"ကျုပ်အမြင်ကတော့ ခင်ဗျားနဲ့ မတူဘူး။ အရိပ်က စိတ်ပိုင်းဆိုင်ရာ ဗျူဟာတွေကို တဖက်ကမ်းခတ် ကျွမ်းကျင်တဲ့လူ။ သူ့ရည်ရွယ်ချက် အောင်မြင်ဖို့ မရေမတွက်နိုင်တဲ့ သဲလွန်စတွေကို တမင်တကာ ချန်ပေးထားပြီး ကျုပ်တို့အချင်းချင်း မယုံသင်္ကာဖြစ်အောင် လုပ်ခဲ့တာ။ ဒီလိုဗျူဟာမျိုးမှာ ကျုပ်တို့ဘက်က လူများလေ တယောက်နဲ့ တယောက် မယုံသင်္ကာဖြစ်ပြီး အချင်းချင်း ပြန်သတ်ဖို့ အခွင့်အရေး ပိုများလေပဲ။ ဒီလူတွေကို သူ့အနေနဲ့ တကူးတက ဒီထိလာပြီး အန္တရာယ်ပေးစရာတောင် မလိုဘူး။ ပြောရရင် အရိပ်ကိုယ်တိုင်လည်း သူ ထိန်းချုပ်လို့ မရတော့တဲ့ အခြေအနေတွေကြောင့် စိုးရိမ်စိတ်တွေ စဝင်နေပြီလို့ ကျုပ် ထင်တယ်။ ဒါ့ကြောင့် အခုလို သူကိုယ်တိုင်လာပြီး ကျုပ်တို့ကို နှောင့်ယှက်ဖို့ ကြိုးစားလိုက်တာပဲ"

အဖွဲ့ဝင်တချို့မှာ ကော်ရစ်တာတွင် ပျောက်ကွယ်သွားကြပြီ ဖြစ်၏။ တူကြီးကို ဆွဲလာသော ချန်ဂီ၏ ပုံစံက အလျင်လိုနေဟန် မရပေ။ သူက အခန်းများကို တခန်းပြီးတခန်း လိုက်လံ စစ်ဆေးကြည့်နေလေ၏။ ကျောပိုးအိတ်နှင့် ရပ်ပြစာအုပ်တွင် နေရာလွတ်တချို့ ကျန်သေးရာ သူ့

အတွက် အသုံးဝင်နိုင်သည့် ပစ္စည်းတိုင်းကို ယူငင်သွားမှ ဖြစ်ပေမည်။

"ဒါပေမဲ့ ကျုပ်တို့နှစ်ယောက်စလုံး ဘာမှ မလုပ်ခဲ့ကြတာ။ ခင်ဗျား တဦး တည်းကပဲ တံခါး အစိတ်အပိုင်းတွေ ရှိမယ့်နေရာကို ခန့်မှန်းနိုင်ခဲ့တာ။ ဒါ ကြောင့် အရိပ် စိုးရိမ်သွားတာလား မသိဘူး"

တက်တူးနှင့်လူ၏ နှလုံးသား၌ အရိပ်သည် လီဝမ်မြို့၏ နတ်ဘုရားတပါး နှင့် တူသည်။ နတ်ဘုရားတို့သည် အမှားလည်း မပြုလုပ်တတ်ကြသလို ထိတ်လန့်ခြင်းလည်း မရှိကြချေ။

"ဒါလည်း အကြောင်းရင်း တခုပေါ့။ ကျုပ်အထင် မမှားဘူးဆိုရင် ဒီနေ့ လီဝမ်မြို့ကို နောက်ထပ် ဧည့်သည်တွေ ရောက်လာတာကြောင့် ဖြစ်ရမယ်။ အရိပ်တယောက် ကျူးကျော်သူတွေကို အတော်အချိန်ပေး တိုက်ခိုက်နေ တယ်နဲ့ တူပါတယ်"

အရိပ်သည် ပွဲစကတည်းက အစွမ်းအပြည့်နှင့် လာရောက် မတိုက်ခိုက် သည့်အတွက် ချန်ဂီ ထိုသို့ ခံစားခဲ့ရသည်။ ဟိုတယ်မှ သားစားကြူးတစ္ဆေနီ မကြီးနှင့် တိုက်ခိုက်နေစဉ်အတွင်း အရိပ် ရောက်မလာပြန်၍ ယင်းခံစား ချက်ကို ထပ်မံ ခံစားခဲ့ရပြန်သည်။ ဖန်ချုန်းတို့ တိုက်ခန်းတွင်လည်း ထင် ထားသလောက် အန္တရာယ်မများမှန်း တွေ့လိုက်ရသည့်အခါ သူ့သံသယတို့ ပိုမို ကြီးထွားလာလေတော့သည်။

"ဘာကြောင့်ပဲ ဖြစ်ဖြစ် ကျုပ်တို့အတွက်တော့ သတင်းကောင်းပဲ"

ချန်ဂီက ကောက်ချက်ချလိုက်၏။

"အရိပ် ကျုပ်ဆီ လာမှာကို မကြောက်ဘူး။ သူ လှုပ်ရှားနေသရွေ့ သူ့ လျှို့ဝှက်ချက်ကို တနေ့ ကျုပ် သိလာရမှာပဲ။ သူ ပုန်းနေရင်သာ ကျုပ် ပိုပြီး ကြောက်မိမှာ။ သူ အချိန်ကြာကြာ ပုန်းအောင်းနေလေလေ ကျုပ် ပိုပြီး

စိုးရိမ်လေလေ ဖြစ်နေမှာ"

လူသတ်သမား အစစ်တချို့နှင့် ရောနှောနေရသော်လည်း ချန်ဂီမှာ သူ့ကိုယ်သူ နေရာမှား ရောက်နေသည်ဟု မခံစားရချေ။ ပြောရလျှင် သူသည်ပင် အဖွဲ့၏ ဦးဆောင်သူ ဖြစ်မှန်းမသိ ဖြစ်နေ၏။ သူတို့ အပေါ်ထပ်သို့ တက်လာလိုက်သည်။ လူပုံသဏ္ဌာန် မီးခိုးရောင် အစွန်းကွက်များ နံရံထက် ပေကျံနေသည်ကို ချန်ဂီ သတိထားမိလိုက်၏။ ခန္ဓာကိုယ်များက မတူညီသော ကိုယ်ဟန်အနေအထား အသီးသီးနှင့် ရှိကြသော်လည်း အားလုံး၏ နာကျင်မှုကို ဖော်ပြနေသည့် ပုံစံကတော့ အတူတူပင် ဖြစ်နေ၏။

"ဒီနေရာက တခါတုန်းက လီဝမ်မြို့ဆေးရုံ ဝန်ထမ်းအိမ်ရာ ဖြစ်ခဲ့ဖူးတယ်။ ပြီးတော့ ဒီတိုက်ကြီးတွေက ကပ်ရောဂါ မတိုင်ခင်ကတည်းက ဆောက်ခဲ့တဲ့ တိုက်ကြီးတွေ။ ဒါပေမဲ့ ဒီနေရာမှာ အရင်က ဆေးရုံလူနာတွေ ရော နေခဲ့ဖူးသလား မသိဘူး"

ချန်ဂီက အစွန်းကွက်များကို လုံးဝ မတို့ထိချေ။ အရိပ်၏ ဝှက်ဖဲမှာ ကပ်ရောဂါဖြစ်ပွားခဲ့သည့် လူနာများနှင့် တနည်းတဖုံ ဆက်နွယ်နေလိမ့်မည်ဟု သူ ခန့်မှန်းမိသည်။

***